ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး**

(၃၂) ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်**

**( ၂၀၁၆ ခုနှစ်၊ မေလ ၃၀ ရက် )**

**[တနင်္လာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၃၂)ရက်မြောက် နေ့အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၁.၈၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၃၂)ရက်မြောက်နေ့အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ ၃၀-၅-၂၀၁၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီအတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။ ဦးခင်အောင်မြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)။ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။ ဗိုလ်မှူးချုပ်ကျော်ကျော်စိုး၊ တပ်မတော်သားကိုယ်စားလှယ်။ ဗိုလ်မှူးချုပ် သက်ထွန်းအောင်၊ တပ်မတော်သားကိုယ်စားလှယ်။ ဗိုလ်မှူးသန်းထွန်းမြင့်၊ တပ်မတော်သား ကိုယ်စားလှယ်။ ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။ ဒေါ်နန်းမိုးမိုးထွေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄) တို့နှင့် ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂) တို့ဖြစ်ကြပါတယ်။ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၄)ဦး။ ယနေ့ ခွင့်ပန်ကြားသူ(၁၄)ဦး ရှိတဲ့အတွက် စုစုပေါင်း ခွင့်ပန်ကြားသူ(၁၈)ဦး ရှိပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိ ပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၁၄)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး(၃၂)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၁၈)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းကို မေးမြန်းခြင်း နဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဖလမ်းမြို့၊ မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းနှင့်ပတ်သက်၍ မိုးရွာသွန်းမှုကြောင့် ရွာများအက်ကွဲမှု ဖြစ်ပေါ်သဖြင့် မြို့ပြစီမံကိန်းသို့ပြောင်းရွှေ့လိုသူများသည် လူမှုအဆောက်အအုံများဇုန် Proposed Location for Sport Complex နှင့် အထက်တန်းကျောင်းဆောက်ရန် လျာထားသည့်နေရာတွင် ကျူးကျော်ပြောင်းရွှေ့ ခွင့်မပြုဘဲ လူနေဇုန်လျာထားသည့် နေရာများတွင်သာ ပြောင်းရွှေ့ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနှင့် အစိုးရ သက်တမ်းကုန်ဆုံးမည့်အချိန်တွင် မြို့ပြစီမံကိန်း မည်သည့်အဆင့်ရောက်ရှိနေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း က ဖလမ်းမြို့၊ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းနှင့် ပတ်သက်၍ မိုးရွာသွန်းမှုကြောင့် ရွာများအက်ကွဲမှု ဖြစ်ပေါ်သဖြင့် မြို့ပြ စီမံကိန်းသို့ ပြောင်းရွှေ့လိုသူများသည် လူမှုအဆောက်အအုံများဇုန် Proposed Location for Sport Complex နှင့် အထက်တန်းကျောင်းဆောက်လုပ်ရန် လျာထားသည့်နေရာတွင် ကျူးကျော် ပြောင်းရွှေ့ခွင့်မပြုဘဲ လူနေဇုန်လျာထားသည့် နေရာများတွင်သာ ပြောင်းရွှေ့ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် အစိုးရသက်တမ်း ကုန်ဆုံးမည့်အချိန်တွင် မြို့ပြစီမံကိန်း မည်သည့်အဆင့် ရောက်ရှိနေ သည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒီမေးခွန်းနဲ့ပတ်သက်၍ ဖလမ်းမြို့ မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းနှင့်ပတ်သက်၍ ပထမအကြိမ် အမျိုးသားလွှတ်တော်တွင် ကျွန်တော်မှ လွှတ်တော်သို့ မေးခွန်း မေးမြန်းရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက စာအမှတ်၊ ၁/ခွဲ-၂/ထွေ/၂၀၁၃(လွှတ်တော်)စီ ၇၃၈၆၊ ရက်စွဲ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ(၁၂)ရက်ဖြင့် ပြန်လည်ဖြေကြားရာ တွင် ချင်းပြည်နယ် ဖလမ်းမြို့သည် လူနေသိပ်သည်းမှု များပြားလာသဖြင့် လက်ရှိမြို့ပြဖွံ့ဖြိုးမှု အသွင်သဏ္ဍာန်နှင့် လူမှုစီးပွားရေး အခြေအနေကို ထည့်သွင်းစဉ်းစား၍ ဖလမ်းမြို့နှင့် တစ်ဆက်တစပ်တည်းဖြစ်ပေါ်လာနိုင်မည့် အဆိုပြု မြို့ပြ ဖွံ့ဖြိုးရေးစီမံကိန်းအား ဖလမ်းမြို့မှ (၇)မိုင်ခန့် အကွာရှိ လုံပီးကျေးရွာအနီး၌ လုံပီးမြို့ ကွက်သစ် အဆိုပြုစီမံကိန်းကို အဆိုပြုရေးဆွဲခဲ့ပါကြောင်း၊ အဆိုပြုမြို့ပြ စီမံကိန်းအား နောင်လာမည့် အနှစ်(၆၀) မျှော်မှန်း၍ မြေအသုံးချမှုပုံစံနှင့် လမ်းကွန်ယက်စနစ်ဖြင့် ရေးဆွဲလျာထားပါကြောင်း၊ အဆို ပြုပုံစံတွင် ပတ်ဝန်းကျင်ရှိ သင့်လျော်သည့် မြေနေရာများ၌ မြို့ပြဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် လူနေဇုန်၊ ဟိုတယ်ဇုန်၊ စီးပွားရေးဇုန်၊ အုပ်ချုပ်ရေးဇုန်၊ လူမှုရေးအဆောက်အအုံများဇုန်၊ အပန်းဖြေဇုန် စသည်ဖြင့် အဆိုပြုလျာထားမြေများဖြင့် ပါဝင် ဖွဲ့စည်းရေးဆွဲ ထားပါကြောင်း ဖြေကြားခဲ့ပါတယ်။

ယခုအခါ ဖော်ပြပါ လူမှုရေးအဆောက်အအုံများဇုန် သို့မဟုတ် Proposed Location for Sport Complex နှင့် အထက်တန်းကျောင်းဆောက်ရန် လျာထားသည့် မြေဧက (၃၀) ခန့်တွင် ကျူးကျော်နေကြပြီး လမ်းများဖောက်လုပ်နေကြောင်း သိရှိရပါတယ်။ ဒါကြောင့် အောက်ပါမေးခွန်း နှစ်ခုမေးမြန်းလိုပါတယ်။ (၁) မိုးရွာသွင်းမှုကြောင့် ရွာများအက်ကွဲမှုကြောင့် မြို့ပြစီမံကိန်းသို့ ပြောင်းရွှေ့လိုသူများသည် အထက်ဖော်ပြပါ လူမှုအဆောက်အအုံများဇုန် Proposed Location for Sport Complex နှင့် အထက်တန်းကျောင်းဆောက်ရန် လျာထားသည့်နေရာတွင် ကျူးကျော် ပြောင်းရွှေ့ခွင့်မပြုဘဲ လူနေဇုန်လျာထားသည့် နေရာများတွင်သာ ပြောင်းရွှေ့ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့ပြစီမံကိန်းလျာထားနေရာတွင် ဖြစ်တဲ့ Sport Complex ဆောက်လုပ် ရန် မြေနေရာပြေပြစ်သည့်နေရာ ရှားပါးပါသဖြင့်ရွာများကို ပြောင်းရွှေ့နေထိုင်ခွင့်ပြုပါက နောင်တွင် မြေနေရာအခက်အခဲနှင့် ကြုံတွေ့ရမှာဖြစ်ပါတယ်။ ဒုတိယမေးခွန်းကတော့ အစိုးရသက်တမ်း ကုန်ဆုံးမည့်အချိန်တွင် မြို့ပြစီမံကိန်းမည်သည့် အဆင့်ရောက်ရှိနေပြီကို သိရှိလိုပါကြောင်း မေးမြန်း လိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၀၈။**

**ဒေါက်တာဝင်းမြတ်အေး(ပြည်ထောင်စုဝန်ကြီး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ ဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ကျွန်တော်ကတော့ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဖြစ်ပါတယ်။ ချင်းပြည်နယ်အမှတ်(၄) မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း မေးမြန်းထားရှိတဲ့ ဖလမ်းမြို့ မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းနှင့်ပတ်သက်၍ မိုးရွာသွန်းမှုကြောင့် ရွာများအက်ကွဲမှု ဖြစ်ပွားသဖြင့် မြို့ပြစီမံကိန်းသို့ ပြောင်းရွှေ့လိုသူများသည် လူမှုအဆောက်အအုံများဇုန် Proposed Location for Sport Complex နှင့် အထက်တန်း ကျောင်း ဆောက်လုပ်ရန် လျာထားသည့်နေရာများတွင် ကျူးကျော် ပြောင်းရွှေ့ခွင့်မပြုဘဲ လူနေဇုန် လျာထားသည့် နေရာများတွင်သာ ပြောင်းရွှေ့ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိနှင့် အစိုးရ သက်တမ်း ကုန်ဆုံးတဲ့အချိန်မှာ မြို့ပြစီမံကိန်း မည်သည့်အဆင့် ရောက်ရှိနေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းအား ချင်းပြည်နယ် အစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဖလမ်းမြို့နယ်အတွင်းရှိ လိုင်ဇိုးအုပ်စု၊ ထန်နီရ်(မြောက်)ကျေးရွာ၊ ထန်နီရ်(တောင်)ကျေးရွာ၊ ဘိုင်လာကျေးရွာ နှင့် ကာလ်ရောန်ကျေးရွာ စုစုပေါင်းကျေးရွာ(၄)ရွာဟာ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြေများအက်ကွဲမှု ဖြစ်ပွားခဲ့ပါတယ်။ ၎င်းကျေးရွာများရဲ့ ပြောင်းရွှေ့ရမည့်နေရာဟာ မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့ပြဖွံ့ဖြိုးရေး စီမံကိန်းအတွက်လျာထားတဲ့ လူမှုအဆောက်အအုံများဇုန် Proposed Location for Sport Complex (၁၆)ဧကနှင့် အထက်တန်းကျောင်းဆောက်လုပ်ရန် လျာထားတဲ့ (၂၅)ဧက နေရာများကို ကျူးကျော် ခြင်းမရှိဘဲ လူနေဇုန်လျာထားတဲ့ နေရာများတွင်သာ ပြောင်းရွှေ့မည်ဖြစ်ကြောင်းနှင့် ဖလမ်းမြို့သစ် (လုံပီး)မြို့ပြစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဖလမ်းမြို့နယ် ကော်မတီ (၃)ရပ်၏ ၁၇-၃-၂၀၁၆ ရက်နေ့ အစည်းအဝေး ဆုံးဖြတ်ချက်အရ ရပ်ကွက်အဖြစ်သာ တိုးချဲ့ရန် ဆုံးဖြတ်ကြပါတယ်။ အဲဒီ တိုးချဲ့ရပ်ကွက် ဧရိယာအတွင်းပါဝင်မည့် ကျေးရွာများ၏ ဧရိယာများ ပြန်လည် တိုင်းတာပြီး အမှုတွဲအသစ် ပြန်လည်တည်ဆောက်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးသိန်းလွင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ /၂၀၁၆ - ၁၀၁
ရက်စွဲ၊ ၂၀၁၆ ခုနှစ် ၊ မေ လ ၁၃ ရက်

၁။ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြသည့်အစီရင်ခံစာကို ၁၈ - ၅ -၂၀၁၆ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ၂၅ - ၅ - ၂၀၁၆ ရက်နေ့တွင် အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်မှ အကြံပြုဆွေးနွေးခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့်၊ အကြံပြုဆွေးနွေးခဲ့သည့် ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၃)မှ ဦးခင်မောင်လတ်တို့နှင့် ၂၇ - ၅ -၂၀၁၆ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်နှင့် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တို့၏ ညှိနှိုင်းဆွေးနွေးချက်အရ

အထွေထွေရွေးကောက်ပွဲနှင့် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပရာတွင် တာဝန်ယူအကောင်အထည် ဖော်ဆောင်ရွက်ပေးရမည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဥပဒေပြဋ္ဌာန်းချက်များကို လက်တွေ့ကျင့်သုံးဆောင်ရွက်ရာတွင် စနစ်တကျ အစီအစဉ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ဤ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုထားသည့် အတိုင်းဆက်လက်အတည်ပြု ဆောင်ရွက်သင့်ပါကြောင်း သဘောတူညီခဲ့ကြပါသည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်၊ အကြံပြုဆွေးနွေးခဲ့သည့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် တို့နှင့် အကျေအလည် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါသဖြင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က ဆက်လက် အတည်ပြု ဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်းထားရှိရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီကတင်ပြထားပါတယ်။

ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၁၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာတဲ့ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၆။**

**ဒေါ်နွယ်နွယ်အောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဧည့်သည်တော်များနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ။ ကျွန်မကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့အဖွဲ့ဝင် ဒေါ်နွယ်နွယ်အောင် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/ အမ (ကော်မတီ-၁)၁ / ၂၀၁၆-၉၉
ရက်စွဲ၊ ၂၀၁၆ ခုနှစ် ၊ မေ လ ၁၃ ရက်

၁။ ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြသည့် အစီရင်ခံစာကို ၁၈ - ၅ -၂၀၁၆ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ၂၅ - ၅ - ၂၀၁၆ ရက်နေ့တွင် အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်က အကြံပြုဆွေးနွေးခဲ့ပါတယ်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့် အပါအဝင် အကြံပြု ဆွေးနွေးခဲ့တဲ့ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ် အမှတ်(၃)မှ ဦးခင်မောင်လတ်တို့နဲ့ ၂၇ - ၅ -၂၀၁၆ ရက်နေ့မှာ ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်နဲ့ အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တို့၏ ညှိနှိုင်းဆွေးနွေးချက်အရ အထွေထွေရွေးကောက်ပွဲနဲ့ ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပရာတွင်တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေနဲ့ ဥပဒေပြဋ္ဌာန်းချက်များကို လက်တွေ့ကျင့်သုံး ဆောင်ရွက်ရာတွင် စနစ်တကျနှင့် အစီအစဉ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ဤဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုထားသည့်အတိုင်းသာ ဆက်လက်အတည်ပြုဆောင်ရွက်သင့်ပါကြောင်း သဘောတူညီခဲ့ကြပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်၊ အကြံပြုဆွေးနွေးခဲ့သည့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ်တို့နှင့် အကျေအလည် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ပြင်ဆင်အတည်ပြုချက်အတိုင်းသာ အမျိုးသားလွှတ်တော်က ဆက်လက်အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ် (၉) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပြီး ပေးပို့လာသော အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား အတည်ပြုရန်လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်းထားရှိရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည် ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါ တယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးကျော်ကျော် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော် ဖြစ်ပါတယ်။ ဥပဒေကြမ်း ကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်သို့ ကျွန်တော် တင်သွင်းပေးပါမယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁ /၂၀၁၆ -၁၀၁
ရက်စွဲ၊ ၂၀၁၆ ခုနှစ် ၊ မေ လ ၁၃ ရက်

၁။ ဥပဒေကြမ်းကော်မတီသည် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် စိစစ်တင်ပြသည့် အစီရင်ခံစာကို ၁၈ - ၅-၂၀၁၆ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ၂၅ - ၅ - ၂၀၁၆ ရက်နေ့တွင် အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်က အကြံပြုဆွေးနွေးခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့်၊ အကြံပြု

ဆွေးနွေးခဲ့သည့် ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်တို့နှင့် ၂၇ - ၅ -၂၀၁၆ ရက်နေ့တွင်ထပ်မံ ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်နှင့် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့၏ ညှိနှိုင်းဆွေးနွေးချက်အရ အထွေထွေရွေးကောက်ပွဲနှင့် ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပရာတွင် တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ပေးရမည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဥပဒေပြဋ္ဌာန်းချက်များကို လက်တွေ့ကျင့်သုံး ဆောင်ရွက်ရာတွင် စနစ်တကျနှင့် အစီအစဉ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ဤဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်အတည်ပြုထားသည့်အတိုင်းသာ ဆက်လက်အတည်ပြုဆောင်ရွက်သင့်ပါကြောင်း သဘောတူညီခဲ့ကြပါတယ်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်၊ အကြံပြုဆွေးနွေးခဲ့သည့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် တို့နှင့် အကျေအလည် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်းသာ အမျိုးသားလွှတ်တော်က ဆက်လက်ပြီးတော့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်းထားရှိရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၃၂) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၃) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၃) ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ မေလ ၃၁ ရက် (အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ် ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ၁၀း၂၆ နာရီအချိန်တွင် ရပ်နားပါသည်။]